# Highlights from DVB Debate’s Reforming Armed Forces Show

## March 18, 2017

## “How to reform Armed Forces?”

“လူများစုဖြစ်တဲ့ ဗမာလူမျိုးက တပ်မတော်ထဲမှာများနေတယ် ဆိုတာတော့ သဘာဝကျတယ်လေ။ အပေါ်က ပေါ်လစီမှာတော့ တိုင်းရင်းသားတွေကို နေရာမပေးဘူးဆိုတာမျိုးတော့ တပ်မတော်မှာမရှိဘူး။”

ဦးအေးနေဝင်း - ရဲဘော်သုံးကျိတ်ဝင် ဗိုလ်ချုပ်နေဝင်းမြေး

---

“အခုလည်းပဲ တပ်မတော်က နိုင်ငံရေးတည်ငြိမ်အောင်လုပ်ဆောင်နေတယ်လို့ မြင်တယ်”

ဦးမျိုးသန့်ခိုင် - အမှုဆောင်ဒါရိုက်တာ၊ သေနင်္ဂအင်စတီကျု (အမျိုးသားလုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် မဟာဗျူဟာလေ့လာရေးအဖွဲ့)

“ပြောင်းလဲဖို့ လေ့လာမှုတွေ လုပ်နေတယ်၊ အချက်အလက်စုဆောင်းနေတယ်လို့ မြင်ပါတယ်။ ပြောင်းလဲဖို့တော့ မရှိသေးဘူး”

ဗိုလ်မှူးကြီး ခွန်ဉက္ကာ - အဖွဲ့ဝင်၊ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး

---

“ဗမာစစ်တပ် သပ်သပ် တိုင်းရင်းသားတွေတပ်ကလည်း တပ်သပ်သပ် စဉ်းစားနေလို့မရဘူး။ လက်နက်ကိုင်အဖွဲ့တွေအားလုံးကို စာနာနားလည်ပြီး ချဉ်းကပ်ဖို့ လိုတယ်”

ဦးအေးနေဝင်း - ရဲဘော်သုံးကျိတ်ဝင် ဗိုလ်ချုပ်နေဝင်းမြေး

---

“အစိုးရနဲ့ တပ် အတူတကွ လက်တွဲပြီး အတူတူလက်တွဲလုပ်ကိုင်နေသလား ဒါ အကုန်လုံးမြင်နေတယ်လေ”

ဆလိုင်းထက်နီ - ချင်းအမျိုးသားတပ်ဦး

---

“တပ်မတော်ဘက်ကနေ အတိအလင်း ကတိကဝတ်နဲ့ အာမခံထားတာ တနေရာရှိတယ် အဲဒါဟာ အန်စီအေစာချုပ်ပဲ”

ဦးမျိုးသန့်ခိုင် - အမှုဆောင်ဒါရိုက်တာ၊ သေနင်္ဂအင်စတီကျု့(အမျိုးသားလုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် မဟာဗျူဟာလေ့လာရေးအဖွဲ့)

"အန်စီအေစာချုပ်မှာက တပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တာ ၃၀ ရာနှုန်းပဲရှိတယ် အဓိက အခြေခံပါနေတာက နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုများတယ်"

ဗိုလ်မှူးကြီး ခွန်ဥက္ကာ - အဖွဲ့ဝင်၊ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး

---

"လွှတ်တော်ဆုံးဖြတ်ချက် လက်အောက်မှာနေရမယ့် တပ်မတော်ဖြစ်ရမယ်ဆိုတာ လက်တွေ့နဲ့ နီးစပ်ရဲ့လား ကျနော်ကမေးချင်တယ်. ပြည်တွင်းစစ်မီးဟုန်းဟုန်းတောက်ဆုံးအချိန်က ပါလီမန်ဒီမိုကရေစီခေတ်မှာ မဟုတ်ဘူးလား? တပ်ကို အရပ်သားအစိုးရအောက် ဩဇာခံထားခြင်းက တိုင်းပြည်ပိုဒုက္ခရောက်တယ်။"

ဦးအေးနေဝင်း - ရဲဘော်သုံးကျိတ်ဝင်ဗိုလ်ချုပ်နေဝင်းမြေး

"ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်က အခြေအနေက မကောင်းဘူးလေ. ၁၉၄၇ ခုနစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုက ပုံစံမကျတဲ့ ပြည်ထောင်စုပုံစံဖြစ်ခဲ့လို့ တိုင်းရင်းသားတွေက လက်နက်ဆွဲကိုင်တော်လှန်ခဲ့တာ ပြည်ထောင်စုအတုအယောင်ပုံစံ ဖန်တီးခဲ့တာက ပြဿနာ"

ဗိုလ်မှူးကြီး ခွန်ဥက္ကာ - အဖွဲ့ဝင်၊ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး

---

"ငြိမ်းချမ်းရေးရယ် ဒုတိယတချက်က နိုင်ငံရေးတည်ငြိမ်မှုရယ် ဒီ ၂ ခုမရှိဘဲ တပ်ကို ပြုပြင်ပြောင်းလဲလို့ မရပါဘူး"

ဦးမျိုးသန့်ခိုင် - အမှုဆောင်ဒါရိုက်တာ၊ သေနင်္ဂအင်စတီကျု့(အမျိုးသားလုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် မဟာဗျူဟာလေ့လာရေးအဖွဲ့)

---

"တပ်ဘက်က DDR/SSR နားလည်ပုံနဲ့ ကျနော်တို့ တိုင်းရင်းသားတွေဘက်က DDR/SSR နားလည်ပုံမတူဘူး ဟနေတယ်"

ဆလိုင်းထက်နီ - ချင်းအမျိုးသားတပ်ဦး

---